ကြာပင်လှကျေးရွာ

အရာတော်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြာပင်လှကျေးရွာ ၊ အရာတော်မြို့နယ်


(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ ဇူလိုင်လ

မကျီးကန်ကျေးရွာအုပ်စု၊ ကြာပင်လှကျေးရွာ၏ ရွာအတွင်း/ရွာအပြင်အဖွဲ့အစည်းများမြေပုံ

၈.၂.၂၀၁၉



<u>မကျီးကန်ကျေးရွာအုပ်စု၊ ကြာပင်လှကျေးရွာ၏</u>

<u>ကျေးရွာမှ အဆိုပြုသော စီမံချက်များအတွက် ဦးစားပေးအဆင့်ခွဲခြားသတ်မှတ်ခြင်း</u>

စဉ်	စီမံချက်	အကဲဖြတ်အမှတ်ပေးသူ (၁)	အကဲဖြတ်အမှတ်ပေးသူ (၂)	အကဲဖြတ်အမှတ်ပေးသူ (၃)	အကဲဖြတ်အမှတ်ပေးသူ (၄)	အကဲဖြတ်အမှတ်ပေးသူ (၅)	အကဲဖြတ်အမှတ်ပေးသူ (၆)	အကဲဖြတ်အမှတ်ပေးသူ (၇)	အကဲဖြတ်အမှတ်ပေးသူ (၈)	အကဲဖြတ်အမှတ်ပေးသူ (၉)	အကဲဖြတ်အမှတ်ပေးသူ (၁၀)	စုစုပေါင်း	အဆင့်
၁။	ကျေးရွာတွင်းလမ်းခဲ့ထွင်ခြင်းနှင့် ဂျင်းခင်းခြင်းလုပ်ငန်း	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀၀	၁
၂။	ကျောင်း အဆောက်အဦအား အပြီးသတ်ဆောက်လုပ်ရန်နှင့် ကျောင်းသုံးပရိဘောဂများ ရရှိရန်	၁၀	၄	၉	၆	၈	၈	၃	၁၀	၇	၅	၇၀	၂
၃။	အားကစားကွင်းပြုပြင်ရန်	၇	၅	၈	၉	၆	၆	၅	၅	၅	၃	၅၉	၃
၄။	စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲ	၁၀	၃	၅	၇	၅	၇	၄	၇	၈	၁	၅၇	၄
၅။	ထရန်ဖော်မာတစ်လုံးဝယ်ယူရန်	၁	၅	၇	၃	၁၀	၅	၅	၈	၃	၁	၄၈	၅
၆။	အတိုးနှုန်းနည်းသည့် နှစ်ရှည်ချေးငွေရရှိရန်	၁၀	၆	၄	၁	၇	၃	၇	၃	၆	၁	၄၈	၆
၇။	သားဖွားဆရာမလိုအပ်ခြင်း	၅	၂	၆	၄	၃	၄	၆	၄	၉	၁	၄၄	၇

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၁၈–၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်တွင် (VDP)စီမံကိန်းဆောင်ရွက်မည့်

ကြာပင်လှကျေးရွာ၏ နှစ်အလိုက် ဦးစားပေးစီမံချက်

စဉ်	စီမံချက်(Project)	ဦးစားပေးအဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	ကျေးရွာတွင်းလမ်းချဲ့ထွင်ခြင်းနှင့် ဂျင်းခင်းခြင်းလုပ်ငန်း	၁	✓				
၂	ကျောင်း အဆောက်အဦအား အပြီးသတ်ဆောက်လုပ်ရန်နှင့် ကျောင်းသုံးပရိဘောဂများ ရရှိရန်	၂		✓	✓	✓	✓
၃	အားကစားကွင်းပြုပြင်ရန်	၃		✓	✓	✓	✓
၄	စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲ	၄		✓	✓	✓	✓
၅	ထရန်ဖော်မာတစ်လုံးဝယ်ယူရန်	၅		✓	✓	✓	✓
၆	အတိုးနှုန်းနည်းသည့် နှစ်ရှည်ချေးငွေရရှိရန်	၆		✓	✓	✓	✓
၇	သားဖွားဆရာမလိုအပ်ခြင်း	၇		✓	✓	✓	✓

မကျီးကန်ကျေးရွာအုပ်စု၊ ကြာပင်လှကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးဌေးကျော်	ဦးတင်ညို	၅/အရတ(နိုင်)၀၉၄၇၂၄	၄၇	ဥက္ကဋ္ဌ	၀၉-၂၅၁၉၀၅၄၁၄
၂။	ဦးလွင်အောင်	ဦးထွန်းလင်း	၅/အရတ(နိုင်)၁၀၆၀၈၁	၂၈	ဘဏ္ဍာရေးမှူး	၀၉-၄၄၀၅၈၆၉၃၇ ၀၉-၆၈၂၈၁၀၂၀၁
၃။	ဦးထွန်းကို	ဦးမြတ်ကွန်း	၅/အရတ(နိုင်)	၃၂	စာရင်းကိုင်	၀၉-၇၇၉၀၅၁၃၃၁
၄။	ဦးဖိုးခြုံ	ဦးပေါဝင်း	၅/အရတ(နိုင်)၁၁၀၀၃၉	၄၄	အတွင်းရေးမှူး	
၅။	ဒေါ်ဆန်းမာ	ဦးဖိုးပြောင်	၅/အရတ(နိုင်)၁၆၅၉၈၅	၃၄	အဖွဲ့ဝင်	
၆။	ဦးလှရောင်း	ဦးမွေး	၅/အရတ(နိုင်)၀၈၁၅၂၉	၃၇	အဖွဲ့ဝင်	
၇။	ဦးဆန်းညို	ဦးသန်းဆောင်	၅/အရတ(နိုင်)	၃၇	အဖွဲ့ဝင်	
၈။	ဦးတင်ရွှေ	ဦးသိန်းထွန်း	၅/အရတ(နိုင်)၁၀၅၁၁၄	၄၃	အဖွဲ့ဝင်	
၉။	ဦးမြင့်နိုင်	ဦးသိုင်းထွန်း	၅/အရတ(နိုင်)၁၁၀၀၃၇	၄၂	အဖွဲ့ဝင်	
၁၀။	ဦးပွားထွန်း	ဦးချစ်မောင်	၅/အရတ(နိုင်)	၅၈	အဖွဲ့ဝင်	
၁၁။	ဦးလှရွှေ	ဦးထွန်းပိန်	၅/အရတ(နိုင်)	၆၁	အဖွဲ့ဝင်	
၁၂။	ဦးအုံးကြိုင်	ဦးမြူး	၅/အရတ(နိုင်)၀၂၉၆၂၂		အဖွဲ့ဝင်	
၁၃။	ဦးကျော်နိုင်	ဦးတင်အောင်	၅/အရတ(နိုင်)		အဖွဲ့ဝင်	

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ် မကျီးကန်ကျေးရွာအုပ်စု၊ ကြာပင်လှကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**ရပ်မိရပ်ဖများ**					
	• ကျေးရွာတွင်းလမ်းများ သွားလာရခက်ခဲခြင်း	• ကျေးရွာတွင်းလမ်းများ ကျဉ်းမြောင်းခြင်း၊လမ်း မျက်နှာပြင်ညီညာမှုမရှိ ခြင်း	• ရွာလမ်းပြုပြင်ရန်ဆန္ဒရှိ ခြင်း၊လုပ်သားအင်အား ပေါများခြင်း၊စက်ယန္တရား များလက်လှမ်းမီခြင်း	• ငွေကြေးအခက်အခဲ ရှိခြင်း	• ကျေးရွာတွင်းလမ်းများခင်း နိုင်ရန်ရပ်မိရပ်ဖများ၊ကျေး ရွာသူ/သား၊သက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်း ဆောင်ရွက်ရန်	• ကျေးရွာတွင်းလမ်းကျင်း ခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်သွားပါမည်။
	• ထရန်စဖော်မာလိုအပ် ခြင်း	• လျှပ်စစ်မီးသုံးစွဲသူများ ပြားလာခြင်း၊လက်ရှိ ထရန်စဖော်မာနှင့်သုံးစွဲ သည့်ဦးရေဝန်အားမမျှ ခြင်း	• ထရန်စဖော်မာတစ်လုံးရှိ ခြင်း၊သုံးစွဲမည့်အိမ်ခြေများ ခြင်း	• ငွေကြေးခက်ခဲခြင်း	• ကျေးရွာရပ်မိရပ်ဖများ၊မီး လင်းရေးကော်မတီများ၊ ရွာသူ/သားများ၊သက်ဆိုင် ရာဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ရန်	• ထရန်စဖော်မာတစ်လုံး ဝယ်ယူသွားမည်။
	• စာသင်ခုံမလုံလောက် ခြင်းနှင့်စာသင်ကျောင်း ဆောင်အပြီးသပ်မ ဆောင်ရွက်နိုင်ခြင်း	• ကျောင်းသားဦးရေများ ပြားလာခြင်း	• ကျောင်းတက်နှုန်းများ ခြင်း၊အဆောက်အဦးအား အပြီးသပ်ဆောင်ရွက်ရန် သာကျန်ရှိနေခြင်း	• ငွေကြေးခက်ခဲခြင်း	• ရပ်မိရပ်ဖ၊မိဘဆရာအ သင်း၊သက်ဆိုင်ရာဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်	• စာသင်ခုံနှင့်ကျောင်း ဆောင်အပြီးသပ်ဆောင် ရွက်သွားမည်။

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၂	**စိုက်ပျိုးရေး(တောင်သူလယ်သမားအုပ်စု)**					
	• သီးနှံအထွက်နှုန်းလျော့ကျခြင်း	• ရာသီဥတုမမှန်ခြင်း၊သီးနှံမျိုးစေ့အရည်အသွေးမပြည့်မီခြင်း	• ရေသွင်းစိုက်ပျိုးရန်စက်ရေတွင်းများရှိခြင်း၊သီးနှံများရောင်းချရန်အလွယ်တကူတင်ပို့ရောင်းချနိုင်ခြင်း၊စိုက်ပျိုးရေးဆေးဆိုင်များနှင့် လက်လှမ်းမီခြင်း	• စိုက်ပျိုးရေးအသိဉာဏ်မရှိခြင်း	• မျိုးကောင်းမျိုးသန့်များရရှိရန်နှင့်စိုက်ပျိုးရေးအသိပညာများရရှိရန်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရက်သား ရန်	• စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲကျင်းပဆောင်ရွက်သွားပါမည်။
၃	**အမျိုးသမီးအဖွဲ့**					
	• သားဖွားဆရာမလိုအပ်ခြင်း	• ကိုယ်ဝန်ဆောင်မိခင်များမီးဖွားရာတွင်ခက်ခဲခြင်း	• ကျန်းမာရေးမှူးရှိခြင်း၊လူမှုကူညီရေးကားရှိခြင်း	-	• ဆရာမရရှိရေးအတွက် ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန်	• သားဖွားဆရာမရရှိရေးဆောင်ရွက်သွားမည်။
၄	**စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ**					
	• အလုပ်အကိုင်အတွက်အရင်းအနှီးမရှိခြင်း	• နေ့စားအလုပ်သမားများဖြစ်နေခြင်း	• အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်ခြင်း၊လုပ်သားအင်အားပေါများခြင်း	• ငွေကြေးအခက်အခဲရှိခြင်း	• နှစ်ရှည်ချေးငွေရရှိရေးစီမံဆောင်ရွက်သွားရန်	• သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်၍ဆောင်ရွက်သွားမည်။
၅	**လူငယ်အဖွဲ့**					
	• အားကစားကွင်းမှာအဆင့်မမီခြင်း	• ကွင်းမညီညာခြင်း၊ခြုံထူထပ်ခြင်း	• အားကစားပစ္စည်းများစုံလင်စွာရှိခြင်း၊အားကစားသမားကောင်းများရှိခြင်း၊ အားကစားကွင်းမြေနေရာရှိခြင်း	• ငွေကြေးခက်ခဲခြင်း	• ရပ်မိရပ်ဖနှင့်လူငယ်များပူးပေါင်းဆောင်ရွက်ရန်	• အဆင့်မီသောအားကစားကွင်းတည်ဆောက်သွားမည်

မာတိကာ

မာတိကာ ၁

စကားချီး ၃

(၁) နိဒါန်း ၄

ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(၂) ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ ၅

(က) တည်နေရာ ၊ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၅

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ပိုင်ဆိုင်မှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) အတန်းပညာကျွမ်းကျင်မှု

(စ) ရပ်ရေးရွာရေး

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၇

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မ ရေးရာ

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများနှင့် အဟန့်အတားများ ၉

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၀

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

နိဂုံး ၁၁

- ကြာပင်လှကျေးရွာ သယံဇာတပြမြေပုံ
- ကြာပင်လှကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်
- ကြာပင်လှကျေးရွာ ကျေးရွာတွင်း/ပြင်ပ အဖွဲ့အစည်းများပြပုံ

နောက်ဆက်တွဲ

- ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ နောက်ဆက်တွဲ (၂)
- ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား နောက်ဆက်တွဲ (၃)
- ဦးစားပေးအဆင့်ခွဲခြားသတ်မှတ်ခြင်း
- အကောင်အထည်ဖော်မည့်နှစ်အလိုက် ဦးစားပေးစီမံချက်များ
- ကော်မတီဝင်များစာရင်း
- ကဏ္ဍအလိုက် အကောင်အထည်ဖော်မည့်နှစ်အလိုက် ဦးစားပေးစီမံချက်များ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂ -၂၀၂၃ ခု ၊ ဘဏ္ဍာရေး
နှစ်အထိ (၅) နှစ်တာ ကာလအတွင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်ဖြစ်ပြီး ကျွန်ုပ်တို့
ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ၊ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးကျေးဇူးတင်ရှိပါသည်။စီမံချက်များအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ ၊ ဆယ်အိမ်မှူးများနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူး ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်းများ ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့ ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများ ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော်လည်း လူထုအင်အား စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ကျေးရွာသူကျေးရွာသားများ စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်နည်းများကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းလုပ်ဆောင်သည့် အလေ့အကျင့်ကောင်းတစ်ခုကို ရရှိနိုင်အောင် ကူညီ ပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ယခုစီမံကိန်းမှ လုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုများကို သိရှိနားလည်လာရုံသာမက အခြားဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးမှူးရုံးကဲ့သို့ အဖွဲ့အစည်းများမှ ကိန်းဂဏန်း အချက်အလက်များရရှိနိုင်သော နေရာများမှလည်း ကောက်ယူနိုင်ခဲ့ကြပါသည်။ ထို့ပြင် ပညာရေး၊ ကျန်းမာရေး ၊ လူမှုရေးစသည့်တို့နှင့် သက်ဆိုင်သည့် ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ သွားရောက်ရယူရန် လိုအပ်ကြောင်းကိုလည်း သိရှိနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံချက်သည် ပြီးပြည့်စုံသည်ဟု မဆိုနိုင်ပါ။ ဘက်ပေါင်းစုံမှ ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များကို ထပ်မံဖြည့်စေးနိုင်မည်ဆိုပါက ပိုမိုကောင်းမွန်လာမည် ဖြစ်ပါသည်။ ဤလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုအား နှစ်အလိုက် ပေါ်ပေါက်လာသည့် အခက်အခဲများပေါ် မူတည်၍ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကိုမူဘောင်အတွင်းမှပြုပြင်ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရာအိမ်မှူးများနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး

ဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟုကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၂၀၁၉ခုနှစ်၊ ဇူလိုင်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကြာပင်လှကျေးရွာ
အရာတော်မြို့နယ်

၁။ နိဒါန်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျေးရွာလူထု၊ဦးစီးဌာန၊ နိုင်ငံတော်/မိတ်ဖက်အဖွဲ့အစည်းများနှင့် တိုင်ပင်

ဆွေးနွေးညှိနှိုင်းပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝလိုအပ်ချက်၊ ကျေးရွာသူ/သားများဖြစ်ချင်သော ဆန္ဒကိုကျေးရွာသူ / သားများကိုယ်တိုင် စီမံချက်ရေးဆွဲခြင်း၊ ပါဝင်ဆွေးနွေးခြင်းဖြင့် အောင်မြင်သော စီမံကိန်း တစ်ရပ် ဖြစ်တည်လာအောင် ဖော်ဆောင်သည့် အစီအစဉ်ဖြစ်ပါသည်။

ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ကျေးရွာဖွံ့ဖြိုးရေးကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာသူရွာသားများကိုယ်တိုင် ပါဝင်ခဲ့ကြသည်။ မူလကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင် အတွေ့အကြုံမရှိသဖြင့် အောင်မြင်စွာရေးဆွဲနိုင်ခဲ့ခြင်း မရှိပေ။ ယခုနိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင်ပန်းတိုင်ရောက်ရှိရန် လမ်းစပေါ်ပေါက်ခဲ့ပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးမှူး၊ လူမှုကူညီရေးအဖွဲ့အစည်း၊ နာယကအဖွဲ့အစည်းလူကြီးမင်းများနှင့် ညှိနှိုင်းတိုင်ပင်ကာ ကျွန်တော်တို့အဖွဲ့အစည်းမှရွေ့သို့ တက်လှမ်းနိုင်ခဲ့ပါသည်။ ယခင်ဖွဲ့စည်းပုံနှင့် ကျေးရွာတိုးတက်ရေးမှာ နှေးကွေးစွာကြန့်ကြာသည့်အပြင် လူမှုရေး၊ စီးပွားရေး၊ အခြားကဏ္ဍများမှာ ပွင့်လင်းမြင်သာမှုမရှိဘဲ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်နှစ်ပြီးတစ်နှစ် နောက်ကျကျန်ရစ်ခဲ့ပါသည်။လက်ရှိကျေးရွာအား ဖွံ့ဖြိုးတိုးတက်နိုင်စေရန် နိုင်ငံတော်ကို တင်ပြနိုင်ခဲ့ခြင်းဖြစ်ပါသည်။ကျေးရွာ၏ စီးပွားရေးအင်အားမရှိသည့်အလျောက် တိုးတက်ရေးအပိုင်းတွင် စီမံကိန်းရေးဆွဲသလောက် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။ အဖွဲ့အစည်းများ ၊ ကျွမ်းကျင်ပညာရှင်များနှင့် လက်တွဲပူးပေါင်းကာ လမ်းညွှန်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီနိုင်စေရန် ကြိုးစား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိပါသည်။ ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ရန်

နှင့်အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ကျွန်တော်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်၊ အစိုးရ အဖွဲ့အစည်းများသို့ တင်ပြမည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော

ဂင်းတို့၏ သုတေသနလုပ်ငန်းများကို စိစစ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသဖြင့် ယခုအခါ ယခင်ကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲခဲ့ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊

နည်းပညာအခက်အခဲများ ရှိပါသည်။ သို့ဖြစ်ပါ၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်တော်တို့ကျေးရွာ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများကို ဦးစားပေး ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကြာပင်လှကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊အရာတော်မြို့နယ် မကျီးကန်ကျေးရွာ အုပ်စု၊ အရာတော်မြို့၏ မြောက်ဘက် အရာတော်-နောင်ကြီးအိုင်လမ်းဘေးတွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး သွားရေးလာရေးမှာ လမ်းပန်းဆက်သွယ်ရေးလွယ်ကူပါသည်။ မြေဆီလွှာအနေအထားနှင့် အရည်အသွေးမှာ အသင့်အတင့်ရှိပြီး ဒေသနှင့်ကိုက်ညီသော သီးနှံများဖြစ်သည့် စပါး ၊ နှမ်း ၊ မြေပဲ ၊ ပဲကြား တို့ကို အဓိကထားစိုက်ပျိုးပြီး ဥယျာဉ်ခြံမြေဖြစ်သော ကွမ်း၊ သနပ်ခါးစသည့် တို့ကိုလည်း စိုက်ပျိုးကြပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ယာမြေများတွင် ဒေသနှင့်ကိုက်ညီသည့် သီးနှံများစိုက်ပျိုးသော်လည်း သီးနှံအထွက်နှုန်းနှင့် စျေးကွက်ကိုက်ညီမည့်သီးနှံများကို အဓိကထား၍ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ မြေဆီ၊ မြေဩဇာကောင်းမွန်မှု အသင့်အတင့်ရှိသော်လည်း မိုးလေဝသမမှန်ခြင်း ၊ ရေမရရှိခြင်းတို့ကြောင့် ယာမြေများမှာ သီးနှံအထွက်နှုန်းများ နည်းပါးပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များကောက်ယူရာတွင် အိမ်ထောင်စုပေါင်း(၃၆၁) ရှိပြီး ကျား (၈၄၇) ဦး၊ မ(၉၆၄)ဦး ရှိ၍ စုစုပေါင်း လူဦးရေ (၁၈၁၁) ဦး ၊ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၅)ဦးနှုန်းရှိပြီး

နိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးနှုန်း ကိုက်ညီမှုရှိသည်။ကျေးရွာတွင် ဗမာလူမျိုးများအများဆုံးနေထိုင်

ပြီးအလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာလူဦးရေအားလုံး၏ (၆၉.၄%)ရှိပါသည်။ အမျိုးသမီးများမှာ အမျိုးသား အရေအတွက်ထက်(၁၁၇)ဦးများသဖြင့် အမျိုးသမီးလုပ်ကိုင်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုလာနိုင်စေမည် ဖြစ်ပါသည်။

(ခ) စီးပွားရေးအခြေအနေပိုင်ဆိုင်မှု

စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး ဝင်ငွေအနေအထားမှာ အသင့်အတင့် သာရှိပါသည်။ ကျေးရွာတွင် ယာမြေအများစုမှာ မိုးကောင်းရေသာအားထား၍ စိုက်ပျိုးနိုင်သောကြောင့် စီးပွားရေး မှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် ပြေလည်သော အိမ်ထောင်စုနည်းပြီး မပြေလည်သော အိမ်ထောင်စုအများအပြား ရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏သုံးပုံတစ်ပုံခန့်သည် ရာသီအလိုက်ကျပန်းလုပ်ငန်းများ လုပ်ကိုင် ကြပြီး စီးပွားရေးပြေလည်မှုမရှိသောကြောင့် အခြားဒေသများသို့သွားရောက် အလုပ်လုပ်ကိုင်ကြပါသည်။ တစ်ခါ တစ်ရံမိုးခေါင်ခြင်းများလည်း ကြုံတွေ့ရပြီး စားနပ်ရိက္ခာမပေါများသော်လည်း နေ့စဉ်စားဝတ်နေရေး အဆင်ပြေစေ ရန်အတွက်ပင်ပန်းစွာ ရုန်းကန်လှုပ်ရှားကြရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင်ကျေးရွာသူ/သားအများစုသည်သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက် ရောဂါဖြစ်ပွားမှုနည်းပါးပါသည်။ကျေးရွာတွင် ကျန်းမာရေးဆေးမှူးရှိသဖြင့် ကျေးရွာ၏ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် ဆေးကုသမှုခံယူရာတွင် အဆင်ပြေပါသည်။ ကျေးရွာနှင့် (၅)မိုင်ခန့်အကွာတွင် နောင်ကြီးအိုင်တိုက်နယ် ဆေးရုံရှိပြီး၊ (၇)မိုင်ခန့်အကွာတွင် မြို့နယ်ပြည်သူ့ဆေးရုံတို့တွင်လည်း ဆေးကုသမှုခံယူနိုင်ပါသည်။နှစ်စဉ်မိုးရာသီ တွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး လူကြီး၊ လူငယ်များတွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ များနှင့် မိုးရာသီတုပ်ကွေးရောဂါများ ကူးစက်ခံရလေ့ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကာကွယ်ဆေး ထိုးနှံမှုများလည်းရှိပါသည်။အာဟာရအနေဖြင့် ကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား/သူများ အား အာဟာရတိုက်ကျွေးခြင်းများလည်းရှိပါသည်။

(င) အတန်းပညာကျွမ်းကျင်မှု

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် တဖြည်းဖြည်း ကျောင်းတက်နှုန်းများလာပြီး ပညာတတ် များ ပေါများလာပါသည်။ ကျေးရွာသူ / သားအများစုသည် အခြေခံအရေး ၊ အဖတ် ၊ အတွက် တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရရှိသူများလည်းရှိပါသည်။ကျေးရွာတွင် အခြေခံပညာမူလတန်း(လွန်)ကျောင်းအဆင့် သာရှိပြီးပညာသင်ကြားရာတွင်အဆင်ပြေပါသည်။ အထက်တန်းကျောင်းပညာရေးကို (အ.ထ.က) မကျီးကန် အထက်တန်းကျောင်းတွင်ပညာသင်ကြားကြပါသည်။အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုသင်တန်းများလက်လှမ်း မမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျနေဆဲဖြစ်ပါသည်။

(စ) ရပ်ရေးရွာရေး

ကျေးရွာ၏ရပ်ရေးရွာရေးလုပ်ငန်းများကို အဖွဲ့အစည်းပေါင်းစုံမှပုဂ္ဂိုလ်များဦးဆောင်၍ လုပ်ကိုင်ဆောင်ရွက်နေကြပါသည်။ ရွာသူ/သားများသည်လည်း မည်သည့်လုပ်ငန်းကိုမဆို စည်းလုံးညီညွတ်စွာနှင့်ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ကြပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သောသာရေးနာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးအဖွဲ့၊ လူမှုကူညီရေးအဖွဲ့၊ လူငယ်အဖွဲ့၊ မိဘဆရာအသင်း၊ ရေကော်မတီနှင့် မီးလင်းရေးကော်မတီတို့လည်း ဖွဲ့စည်းထားပါသည်။ကျေးရွာတွင် သာရေးနာရေး၊ လူမှုရေးကိစ္စကြီးငယ် ပေါ်ပေါက်လျှင်ရွာသူ/သားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပါသည်။ ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော ကျေးရွာအဖွဲ့အချို့ရှိသော်လည်း သက်ဆိုင်ရာစီမံချက်လုပ်ငန်း အကောင်အထည်ဖော်ရုံ သဘောမျှသာဖွဲ့စည်းထားသည့် ပုံစံဖြစ်ပါသည်။ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေးကိစ္စများဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ်မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံသည် စပါး ၊ နှမ်း ၊ မြေပဲ ၊ ပဲကြားနှင့် ဥယျာဉ်ခြံမြေအဖြစ် ကွမ်းနှင့် သနပ်ခါးများလည်း
စိုက်ပျိုးကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးမြေယာ(၁၀၈၇.၂၅)ဧက ရှိပါသည်။မြေပဲအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၆၀) တင်း ထွက်ရှိ
ပါသည်။ ဥယျာဉ်ခြံမြေများအနေဖြင့် ကွမ်း၊ သနပ်ခါးများ ထွက်ရှိပါသည်။ မိရိုးဖလာစိုက်ပျိုးလာသော သီးနှံများကို

သာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင် သီးနှံရွေးချယ်စိုက်ပျိုးနိုင်ခြင်း မရှိပါ။ တောင်သူများ သီးနှံထုတ်လုပ်မှု

သည် ဝင်ငွေနည်းသည့်အတွက် သီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာပါသည်။ နွားနှင့် ဆိတ်ကိုသာ စီးပွားဖြစ်မွေးမြူကြပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသူ/သားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေသုံးကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော ဆိုလာDC Pumpတွင်းနှင့် ကျေးလက်ဦးစီးဌာနနှင့် ကျေးရွာတို့ ပူးပေါင်းဆောင်ရွက်ထားသည့် ရေစင်မှ အိမ်တိုင်ရာရောက် ပိုက်လိုင်းသွယ်ယူသုံးစွဲကြပါသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်း(လွန်)ကျောင်းအဆင့်အထိသာရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက်လိုအပ်သောချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှမိုး/ဆောင်းဘဏ်ချေးငွေများအားနှစ်စဉ်နှစ်တိုင်းထုတ်ချေးပေးလျက်ရှိရာ လယ်တစ်ဧကလျှင် (၁၀၀၀၀၀) ကျပ်နှုန်း၊ မြေတစ်ဧကလျှင် (၅၀၀၀၀) ကျပ်နှုန်းဖြင့် ထုတ်ချေးပါသည်။
အခြားအသေးစားချေးငွေ
ဝန်ဆောင်မှုများလည်းရရှိပါသည်။ ပြည်ပချေးငွေဖြစ်သော Pact Myanmar အဖွဲ့အစည်းမှ ငွေကြေး ဝန်ဆောင်မှု ရရှိပါသည်။

(င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် တဖြည်းဖြည်း ကျောင်းတက်နှုန်းများလာပြီး ပညာတတ်များ ပေါများလာပါသည်။ ကျေးရွာသူ / သားအများစုသည် အခြေခံအရေး ၊ အဖတ် ၊ အတွက် တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရရှိသူများလည်းရှိပါသည်။ကျေးရွာတွင် အခြေခံပညာမူလတန်း(လွန်)ကျောင်းအဆင့် သာရှိပြီးပညာသင်ကြားရာတွင်အဆင်ပြေပါသည်။ အထက်တန်းကျောင်းပညာရေးကို (အ.ထ.က) မကျီးကန် အထက်တန်းကျောင်းတွင်ပညာသင်ကြားကြပါသည်။အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုသင်တန်းများလက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်မှု အားနည်းနေခြင်းဖြစ်သည်။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးကူးစက်ရောဂါဖြစ်ပွားမှုနည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး လူငယ်လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ မိသားစုဝမ်းစာအတွက် နေ့စဉ်ဝင်ငွေရရှိအောင်အလုပ်အကိုင်အထိုက်အလျောက် လုပ်ကိုင်ကြသည့်အတွက် အသင့်အတင့်အဆင်ပြေပြီးကျေးရွာအိမ်ထောင်စုဝင်များ၊ ကလေးသူငယ်များအပါအဝင်ယေဘုယျအားဖြင့် အဟာရဓါတ်ချို့တဲ့မှု မရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့် (၅) မိုင်ခန့်ကွာဝေးသော နောင်ကြီးအိုင်တိုက်နယ်ဆေးရုံ၊ (၇) မိုင်ခန့်ကွာဝေးသော အရာတော်မြို့ပြည်သူ့ဆေးရုံမှ ရရှိကြသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေး တိုက်ကျွေး

သောအစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှယာမြေများသည် နှစ်စဉ် စပါး၊ နှမ်း၊ မြေပဲ၊ ပဲကြားတို့ စိုက်ပျိုးကြပြီး ဓါတုဗေဒကွန်ပေါင်း ဓါတ်မြေဩဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာ ပျက်ယွင်းမှုများနှင့် ကြုံတွေ့နေရပါသည်။ ဥယျာဉ်ခြံမြေတွင် စိုက်ပျိုးသောနှစ်ရှည်ပင်များ (ကွမ်း၊သနပ်ခါး) တွင် ပိုးသတ်ဆေးများအသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင်ကိုအနည်းငယ်ထိခိုက်မှုရှိပါသည်။ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါးခြင်းအတွက် ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာ ဆောင်ရွက်ခြင်းတွင် အားနည်းနေသေးကြောင်း တွေ့ရှိရပါသည်။

(ဇ) ကျား-မ ရေးရာ

ကျား-မဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ အဝတ်လျှော်၊ ရေခပ်၊ ကလေးထိန်းခြင်းစသော ကိစ္စများဆောင်ရွက်သည်။စိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသမီးများသည် ပေါင်းသင်ခြင်း၊ ကွမ်းကူးခြင်း၊ အမှိုက်ကောက်ခြင်းများလုပ်ကိုင်ကြပြီး အမျိုးသားများသည် ယာထွန်ခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း စသည့်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင်(ရှင်ပြုအလှူပွဲ များကျင်းပခြင်း၊ဘုန်းတော်ကြီးကျောင်းဆရာတော်၏ဦးဆောင်မှုဖြင့်တရားပွဲများကျင်းပခြင်း)အမျိုးသမီးများသည် အမျိုးသားနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြသည်။ စိုက်ပျိုးရေးနှင့် ကျပန်းလုပ်ငန်းများတွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိကြပါသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ် ပညာရေးအထိ ကျား-မ တန်းတူအခွင့်အရေးရှိပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတွင်းရှိလမ်းများမှာ ရေတိုက်စားပျက်စီး၍ ရေဝပ်ချိုင့်ဝှမ်းများ ဖြစ်ပေါ်ပြီး ပြုပြင်ရန်အတွက် ငွေကြေးအခက်အခဲများ၊ နည်းပညာများနှင့် စက်ယန္တရားများစသည့် အဟန့်အတား များနှင့် ရင်ဆိုင်နေရပါသည်။

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် လမ်းခင်းရန်ကျင်းမြေများ အလွယ်တကူ ရရှိနိုင်ပါသည်။ ကျေးရွာတွင်းလမ်းများမှာလည်းဖြောင့်ဖြူးလျက်ရှိပါသည်။ကျေးရွာလူထုမှလည်းတက်ကြွစွာပူးပေါင်းဆောင်ရွက်နိုင်မှု အားကောင်းပါသည်။ နည်းပညာပိုင်းဆိုင်ရာနှင့် စက်ယန္တရားများ ၊ ငွေကြေးထောက်ပံ့မှုများ

လက်လှမ်းမီမှုရှိပါက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အထောက်အပံ့ဖြစ်စေပါမည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတွင်း မူလလမ်းရှိသော်လည်း ရေတိုက်စားပျက်စီး၍ ရေဝပ်ချိုင့်ဝှမ်းများဖြစ်ပေါ်နေပါသည်။ ရွာတွင်းလမ်းများ ကောင်းမွန်ရေးအတွက်ဆောင်ရွက်ရန် ပံ့ပိုးမှုငွေကြေးအခက်အခဲများရှိခြင်း ၊ နည်းပညာပိုင်းဆိုင်ရာနှင့် စက်ယန္တရားများ လက်လှမ်းမီမှုအားနည်းခြင်း စသည့်အချက်များကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာကာလ

အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) မိမိတို့နေထိုင်သောကျေးရွာသည် ဘာသာရေး၊ ပညာရေး၊ စီးပွားရေး ၊ လူမှုရေး စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုအတူတကွစုပေါင်းဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်သော စံပြကျေးရွာ ဖြစ်လာစေရမည်။

(၂) မိမိတို့နေထိုင်သောကျေးရွာသည် ကျေးရွာအင်္ဂါရုပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြသော ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ အောင်မြင်ရန်

အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

ကျေးရွာတွင်နည်းပညာပိုင်းဆိုင်ရာနှင့် စက်ယန္တရားများ ၊ ငွေကြေးထောက်ပံ့မှုများရရှိရေးတို့ကို ဆောင်ရွက်ပြီး ကျေးရွာသူ/သားများအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်၍ ကျေးရွာတွင်းလမ်းဂျင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်။

နိဂုံး

ကျေးရွာလူထု၏လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာလူထု၏ပူးပေါင်း

ပါဝင်မှုရရှိရေး၊ လိုအပ်သောအထောက်အပံ့များရရှိရန် ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေး

အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖွံ့ဖြိုးရေးကွင်းဆက်ပါလုပ်ငန်းများကိုလည်း (၅) နှစ်တာကာလအတွင်း အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၉	၁၉	၃၈
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၅၉	၅၉	၁၁၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၈၀	၈၆	၁၆၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၈၁	၇၂	၁၅၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၅၈၃	၆၇၄	၁၂၅၇
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂၅	၅၄	၇၉
စုစုပေါင်း		**၈၄၇**	**၉၆၄**	**၁၈၁၁**
စုစုပေါင်း အိမ်ထောင်စု		**၃၆၁**		

လေ့လာတွေ့ရှိချက်။ ကြာပင်လှကျေးရွာသည် အမျိုးသားအင်အားထက် အမျိုးသမီးအင်အားပိုများကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၉၉	၆၂၈		မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၁၃၀	၂၅၉		မြင့်☐လတ်☑နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃		မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	၆	၁၂	၂၀	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၅	၂၀	မြင့်□လတ်□နိမ့်☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင်လုပ်ငန်း			၁	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၁၃	၁၈	၁၅	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အင်္ဂါလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း		၁၉	၁၉	
	အလုပ်သမား /ကျပန်း / ရာသီအလိုက်အလုပ်သမား				☒
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း	၃၆၁	၉၅၄	၇၅	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ကြာပင်လှကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး မွေးမြူရေး လုပ်ငန်းလည်း အနည်းငယ်လုပ်ကိုင်ကြပြီး အခြားလုပ်ငန်းများအနေဖြင့် ပန်းရံ၊ ယက္ကန်းလုပ်ငန်းများ လုပ်ကိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဧယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ဒုံဒစ်ကျေးရွာတွင် အလုပ်သမားနေ့စားခန့်နှုန်းမှာ အမျိုးသား(၁)ယောက်လုပ်အားခ အများဆုံး (၆၀၀၀)နှင့် အနည်းဆုံး(၅၀၀၀)ရ၍ အမျိုးသမီး(၁)ယောက်၏လုပ်အားခမှာ အများဆုံး(၅၀၀၀)ကျပ်နှင့် အနည်းဆုံး (၄၀၀၀)ကျပ်နှုန်းရရှိကြောင်းတွေ့ရှိရပါသည်။ ပန်းရံ/လက်သမားများတွင် ဆရာသည် တစ်နေ့လုပ်အားခ အများဆုံး (၇၀၀၀)ကျပ်နှင့် အနည်းဆုံး(၅၀၀၀)ကျပ်ဖြစ်ပြီး နောက်လိုက်တစ်ဦး တစ်နေ့လုပ်အားခ မှာ အများဆုံး(၅၀၀၀)ကျပ်နှင့် အနည်းဆုံး(၄၀၀၀)ကျပ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၀၀.၁၆	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄၉၅.၇၇	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၉၀.၈၈	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၁၆၆.၈	ကောင်း ☑	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၉၅၃.၆၁	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃)

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ဒုဒစ်ကျေးရွာသည် စိုက်ပျိုးနိုင်သော လယ်မြေယာမြေ၊ ဥယျာဉ်ခြံမြေ၊ ကိုင်းကျွန်းမြေ များ အများအပြားရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ရှိပါသည်။ မြေလွတ်မြေလတ်အနည်းငယ်သာ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ်☑ ခက်☐အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☑ နည်း☐ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ခုံဒစ်ကျေးရွာတွင် သဘာဝအရင်းအမြစ်ရှာဖွေတွေ့ရှိမှုမှာ သဲအလွန်ပေါများ၍ သဘာဝမျိုးစိတ်များ အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၀ ဧကနှင့် အထက်	၁၀ ဧက	၁ဧက - ၅ ဧက	-
အိမ်အခြေအနေ	RC တိုက်	RC တိုက် ၁ထပ်တိုက်	၁ထပ်တိုက် သွပ်မိုးကပ်ကာ	ထန်းရွက်မိုး ကပ်ကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ထော်လာဂျီ၊ ဆီစက်၊ဆန်စက်၊ ထွန်စက်ကြီး	ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်၊ ထွန်စက်အသေး	ထွန်စက်အသေး၊ ဆိုင်ကယ်	ဆိုင်ကယ်
အဓိကစီးပွားရေးလုပ်ငန်း	စိုက်ပျိုးရေး အရောင်းအဝယ်	စိုက်ပျိုးရေး အရောင်းအဝယ်	စိုက်ပျိုးရေး	ကျပန်း
အိမ်ထောင်စု	၂၀	၃၈	၁၆၂	၆၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ခုံဒစ်ကျေးရွာ၏ အလွန်အဆင်မပြေသော အိမ်ထောင်စုအများဆုံးဖြစ်၍ အဆင်ပြေသောအိမ်ထောင်စုမှာ အနည်းငယ်သာ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။ လေ့လာတွေ့ရှိချက်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၇		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၂၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ခုံဒစ်ကျေးရွာသည် ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု အများအပြားရှိ၍ မိသားစု စောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၆၄)နှစ်အထက်မှာ လုံးဝ မရှိပေ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စုမှာ အနည်းငယ်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	၄င်္ဂါးရောဂါ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၆	တိရိစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ဒုံဒစ်ကျေးရွာ၏ ထိခိုက်သက်ရောက်မှုအခြေအနေ လေ့လာတွေ့ရှိချက်အရ သဘာဝဘေး အန္တရာယ်များ အထိုက်အလျောက်ခံစားရ၍ စားနပ်ရိက္ခာဖူလုံမှု အသင့်အတင့်ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ဒုံဒစ်ကျေးရွာ၏ ထိခိုက်သက်ရောက်မှုခံစားရနိုင်သည့်သူများ လေ့လာတွေ့ရှိချက်အရ လက်လုပ်လက်စားကျပန်းများ၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသောအိမ်ထောင်စုနှင့် မြေယာမဲ့ဆင်းရဲသားတောင်သူများ ထိခိုက်နိုင်မှုသည် အနည်းငယ်သာရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်ပရဟိတအဖွဲ့	၁☐ ၂☑ ၃☐	၁၇	၂၅	၄၂	ပညာရေး☐ဌေးကြေး☐ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	ကျောင်းကော်မတီအဖွဲ့	၁☐ ၂☑ ၃☐	၈	၅	၁၃	ပညာရေး☑ဌေးကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၃	ဂေါပကအဖွဲ့	၁☐ ၂☐ ၃☑	၇	-	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	တူရိယာအဖွဲ့	၁☐ ၂☐ ၃☑	၇	-	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖွဲ့	၁☐ ၂☑ ၃☐	၁၅	-	၁၅	ပညာရေး☑ငွေကြေး☑ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း ☑ သင့် ☐ ညံ့ ☐
						ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☐ ညံ့ ☐
						ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ဒုံဒစ်ကျေးရွာအတွင်းရှိ အဖွဲ့အစည်းအသီးသီး၏ လုပ်ဆောင်မှုများအောင်မြင်မှုရှိသော်လည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်ဆောင်ရွက်မှု အားနည်းလှသည်ကို လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)
၁	ပက်မြန်မာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	စထာပါနာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	မဟာစိုက်ပျိုးရေး ကုမ္ပဏီ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -ခမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)**

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)**

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)**

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)**

(၆) **ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)**

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ခုံဒစ်ကျေးရွာတွင် ဖွံ့ဖြိုးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းအနေဖြင့် ပက်မြန်မာ၊ စထာ

ပါနာ၊ မဟာစိုက်ပျိုးရေးကုမ္ပဏီအဖွဲ့.ဟူ၍ အဖွဲ့.အစည်း(၃)ဖွဲ့. ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၂၅	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၈	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၈၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃၂	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၁၅	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၂၈၀	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ဒုံဒစ်ကျေးရွာတွင် မြေယာမဲ့ဦးရေနှင့် တောင်သူဦးရေသည် အနည်းသာကွာဟသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ□ မရှိ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ□ မရှိ□
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ□ မရှိ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ□ မရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☑ရာသီအလိုက်□	ရှိ☑ မရှိ□
၆	လက်ငင် ရေတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ□ မရှိ☑
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ□ မရှိ☑
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ☑ မရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ဒုံဒစ်ကျေးရွာတွင် လယ်ယာမြေများသည် မူးမြစ်အနီးတွင်ရှိ၍ တောင်သူလယ်သမားများမှ အဝီစိတွင်းများတူးကာ မိုးရေမရရှိပါက စက်များဖြင့် ရေသွင်းစိုက်ပျိုးကြသည်ကို

လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၂၀၀.၁၆	တင်း	၃၅	၇၀	၅၅	ဝါခေါင်	နတ်တော်	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
မြေပဲ	၂၅၀	တင်း	၃၀	၆၀	၄၅	သီတင်းကျွတ်	တပို့တွဲ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
